# Highlights from DVB Debate's State and Regional Hluttaws Show

## October 1, 2016

## "What do State and Regional Hluttaws do?"

"ကျနော်တို့ ပြည်နယ်လွှတ်တော်မှာ တပ်မတော်သားကိုယ်စားလှယ်တွေကလွဲရင် ကျန်တဲ့ အမတ်တွေက အသစ်တွေချည်းဖြစ်တယ်။ ပထမရက်ပိုင်းလွှတ်တော် စတင်ချိန်တွေမှာဆို အလုပ်သင်အမတ်တွေလို ဖြစ်တာပေါ့"

ဒေါက်တာ မင်းစိုးလင်း - ရေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ မွန်အမျိုးသားပါတီ

---

"အခု ဒုတိယအကြိမ်လွှတ်တော်သက်တမ်းမှာ ကျမဆိုရင် သိန္နီမှာ ကျောက်မီးသွေးမိုင်းပိတ်ဖို့ အဆိုတင်သွင်းခဲ့တယ်၊ ပြည်နယ်အစိုးရက ပြန်ဖြေတာက သူတို့အနေနဲ့ ပိတ်သိမ်းခွင့် မရှိဘူးပေါ့ မေးခွန်းပြောင်းမေးဖို့ပြောတယ် သံလွင်မြစ်ဆည်ကိစ္စတွေလည်း ဒီလိုပဲ ပြ ပြည်ထောင်စုအစိုးရနဲ့ပဲဆိုင်တယ်ပြောနေတော့ အားရမှု လုံးဝမရှိဘူး"

နန်းခင်ထားရီ - သိန္နီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်

---

"လွှတ်တော်အနေနဲ့ လူထုအသံကိုလုပ်နိုင်အောင်လုပ်နေချိန်မှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေက အဆင်သင့် မဖြစ်သေးတာလည်း ရှိတယ်။ ကျနော်တို့ ကြိုးစားနေဆဲအချိန်မှာ အစိုးရနဲ့ လွှတ်တော် မကြာခဏ ပွတ်တိုက်မှုကရှိမှာပဲ"

ဦးရန်အောင် - ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ၁ ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေကို ကြီးကြပ်၊ စီမံခန့်ခွဲမှု အနေအထား အတိုင်းအတာတခုအထိ ပေးထားတာ ရှိတယ် ဘယ်လောက်အထိ လုပ်ခွင့်မရလဲ ဒါက ဆက်လုပ်ရမယ့် အနေအထားတွေ။ ပုဒ်မ ၂၅၇(က)မှာဆိုရင် တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရတွေကို ကိုယ်ပိုင်ပြည်သူ့ဝန်ထမ်း စနစ်ထူထောင်ခွင့်ပေးထားတယ်။ သူတို့ ကိုယ်တိုင် ယူမသုံးတာတွေလည်း ရှိတယ်"

ဒေါက်တာ တင်မောင်သန်း - နိုင်ငံရေးသုတေသီ

---

"ကျနော်တို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာဆိုရင် အရင်လွှတ်တော်မှာ လွှတ်တော်ကော်မတီ ၃ ခုပဲ ရှိတယ် အခု သက်တမ်းမှာ လွှတ်တော်ကော်မတီ ၁၀ ခုထိ ရှိလာပြီ။ တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူတို့ရဲ့ တိုင်ကြားစာကော်မတီဆိုပြီ အခု ရှိလာပြီ"

ဦးရန်အောင် - ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ၁ ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"ကျနော်တို့ ပြည်နယ်လွှတ်တော်အမတ်တွေ အားရှိမာန်ရှိလုပ်လို့မရဘူး။ ဒေသန္တရအုပ်ချုပ်ရေးကို ကောင်းကောင်းလုပ်ပြီး ဗဟိုချုပ်ကိုင်မှုလျှော့နိုင်သမျှ လျှော့ရမယ်"

ဒေါက်တာ မင်းစိုးလင်း - ရေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်၊ မွန်အမျိုးသားပါတီ

---

"ပြည်နယ်ထဲမှာ မူဝါဒချမှတ်ပြီးကျင့်သုံးလို့ရတာတွေ ရှိတယ်။ ပြည်နယ်တိုင်း/တိုင်းဒေသကြီးတွေက ဒီမူဝါဒတွေကို ကျင့်သုံးဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ တွဲပြီး လက်တွေ့လုပ်ဆောင်ဖို့ အစီအစဉ်တွေ ဒီဇိုင်းဆွဲ၊ ဘတ်ဂျက်တောင်းခံတာတွေလုပ်လို့ရတာတွေရှိတယ်"

ဒေါက်တာ တင်မောင်သန်း - နိုင်ငံရေးသုတေသီ

---

"လွှတ်တော်ကနေ လူထုဆန္ဒလိုက်လျောပြီး အကောင်အထည်ဖော်ဖို့ဆိုရာမှာ ဒီဘက် အစိုးရဘက်မှာက နစ်ပေါင်းများစွာ အနည်ကျ ကျောက်တည်နေတဲ့ အစိုးရယန္တရားကိုလဲ ခေါ်ဆောင်ဖို့ လုပ်နေရတယ်။ အစိုးရဝန်ထမ်းတွေကို သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်ဆောင်ရွက်ရမယ်"

ဦးရန်အောင် - ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ် ၁ ကိုယ်စားလှယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"ဆရာတို့ဆွေးနွေးသွားတဲ့အထဲမှာ ပါတဲ့ ဒေသဆိုင်ရာ အစိုးရတွေပေါ့နော်။ အဲဒီ ဒေသဆိုင်ရာ အစိုးရဟာ ဘယ်လိုအခွင့်အရေးတွေရှိလဲ၊ ဘယ်လောက်အထိ လုပ်နိုင်ခွင့်ရှိလဲ? မူဝါဒတွေနဲ့ တိတိကျကျ ဖော်ပြထားတာရှိလား သိချင်မိတယ်။"

ကိုဇော်ဇော် - မာန်အောင်လူငယ်များကွန်ရက်

---